KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

ဖေဖော်ဝါရီလ ၂၇ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ် - 26-45-D1

# ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - နို့တကောမြို့နယ်တွင် မြန်မာစစ်တပ်မှ ရွာသားတစ်ဦးကိုပစ်သတ် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်တစ်ခုကို ဖော်ပြထားသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ည(၇)နာရီဝန်းကျင်တွင် မြန်မာစစ်တပ် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၄) မှ စစ်သားများသည် တခါကလိုးကျေးရွာအုပ်စု၊ အအ--- ကျေးရွာအနီးရှိ ရော်ဘာခြံထဲတွင် အမျိုးသမီးတစ်ဦးအား ပစ်သတ်ခဲ့သည်။ ထိုအမျိုးသမီးသည် ရော်ဘာခြံထဲမှာ ရော်ဘာခြစ်နေသည့်အချိန်တွင် ပစ်သတ်ခံရခြင်းဖြစ်သည်။ သူမ၏နားထင်တွင် ကျည်ဆံထိမှန်၍ ပွဲချင်းပြီးသေဆုံးခဲ့သည်။ သေဆုံးသူအမျိုးသမီး၏မိသားစုသည် မြန်မာစစ်တပ်ထံမှ လျော်ကြေးတစ်စုံတစ်ရာမရရှိခဲ့ပါ။ အခင်းဖြစ်ပွားပြီးနောက် မြန်မာစစ်တပ်သည် ကျေးရွာတွင် ည(၇)နာရီနောက်ပိုင်း ခရီးသွားလာမှုကို ပိတ်ပင်တားဆီး၍ ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့သည်။ ဤဖြစ်စဉ်ကြောင့် ရွာသားများသည် ရော်ဘာခြံထဲတွင် ရော်ဘာသွားခြစ်ရန်ကြောက်ရွံ့ကြ၍ စားဝတ်နေရေးအကြပ်အတည်းများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ တစ်ချို့ရွာသားများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မြန်မာစစ်တပ် ခလရ (၂၈၄) တပ်စခန်းသည် ဆိပ်ကြီးမြို့အနီးတစ်နေရာတွင် တည်ရှိသည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ခလရ (၂၈၄) စစ်သားများသည် ထိုဒေသအတွင်းရှိ နီးစပ်ရာကျေးရွာများတွင် လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ စက်သေနတ်များပစ်ခတ်ခြင်းနှင့် ရွာသားများ၏ခရီးသွားလာမှုကို ပိတ်ပင်ကန့်သတ်ခြင်းအစရှိသော စစ်လှုပ်ရှားမှုများကို မကြာခဏပြုလုပ်လေ့ရှိသည်။* [1]

### ဆိပ်ကြီးမြို့နှင့်နီးစပ်ရာကျေးရွာများရှိ မြန်မာစစ်တပ်၏စစ်ရေးလှုပ်ရှားမှုများ

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၃) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #26-45-I1 ၊ #26-45-A1-I1 နှင့် #26-45-A2-I1 တို့ဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်သည် မကြာခဏဆိုသလိုလက်နက်ကြီးများပစ်ခတ်၍ တစ်ချို့လက်နက်ကြီးများသည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဆိပ်ကြီးမြို့နှင့်နီးသောကျေးရွာဒေသတွင် ကျရောက်ပေါက်ကွဲလေ့ရှိသည်။ မြန်မာစစ်တပ်သည် KNLA (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) မှ ၎င်းတို့အား ဒရုန်းဖြင့်တိုက်ခိုက်သည့်အချိန်တိုင်း လက်နက်ကြီးများပြန်လည်ပစ်ခတ်လေ့ရှိသည်။ တခါတရံတွင် ၎င်းတို့သည် (မြန်မာစစ်တပ်) တိုက်ခိုက်ခံရခြင်းမရှိသည့်အချိန်တွင်သော်လည်းကောင်း၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်အချိန်တွင်သော်လည်းကောင်း လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ကြသည်။

ဆိပ်ကြီးမြို့နှင့်နီးစပ်ရာကျေးရွာများသည် များသောအားဖြင့် မြန်မာစစ်တပ်၏ထိန်းချုပ်မှုအောက်တွင်ရှိသည်။ မြန်မာစစ်တပ် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၄) တပ်စခန်းသည် ဆိပ်ကြီးမြို့အနီးတွင် တည်ရှိသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ခလရ (၂၈၄) မှ စစ်သားများသည် မိမိတို့၏တပ်စခန်းပတ်ဝန်းကျင်တွင် လုံခြုံရေးကင်းချ၍ သွားလာလှုပ်ရှားနေလျှက်ရှိသည်။ မြန်မာစစ်တပ်သည် ညဖက်သွားလာလှုပ်ရှားသည့်အချိန်တွင် စက်သေနတ်များ မကြာခဏပစ်ခတ်ပြီး ပုံမှန်အားဖြင့် (၃) ချက်ကနေ (၁၀) ချက်အထိ ပစ်ဖောက်လေ့ရှိသည်။ မြန်မာစစ်တပ်သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်သောကြောင့် ၎င်းတို့ထိန်းချုပ်ရာဒေသများတွင် စစ်ရေးလှုပ်ရှားမှုများပို၍ပြုလုပ်လာသည်။

(၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း) မြန်မာစစ်တပ်သည် ရွာသားများ ဆိပ်ကြီးမြို့သို့ခရီးသွားလာသည့်အခြေအနေကို ထိန်းချုပ်ကန့်သတ်ခဲ့သည်။ ၎င်းတို့သည် ဂိတ်ကို (မြို့ဝင်စစ်ဆေးရေးဂိတ်) မနက်(၆)နာရီမှာ ဖွင့်ပေးထားပြီး ည(၆)နာရီနောက်ပိုင်းတွင် ပြန်ပိတ်သည်။ ရွာသားများသည် အရေးပေါ်ဆေးကုသမှုလိုအပ်သည့်အခြေအနေတွင် ဆိပ်ကြီးမြို့သို့သွားလာခွင့်ရရန်အတွက် မြန်မာစစ်တပ်အား အသိပေးအကြောင်းကြားရသည်။ မြန်မာစစ်တပ်က ခွင့်ပြုမှသာလျှင် မြို့ထဲသို့ဝင်ခွင့်ရှိသည်။ ရွာသားများ အရေးပေါ်ဆေးကုသမှုလိုအပ်လာလျှင် ဆက်သွယ်အကြောင်းကြားရန်အတွက် မြန်မာစစ်တပ်သည် ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖုန်းနံပါတ်ပေးထားသည်။ ဤသို့တင်းကြပ်မှုများကြောင့် တစ်ချို့ရွာသားများသည် ဆိပ်ကြီးမြို့ရှိ ဆေးရုံသို့သွားလာရာတွင် အခက်အခဲအတားအဆီးများကြုံတွေ့ရသည်။

မြန်မာစစ်တပ် ခလရ (၂၈၄) တပ်စခန်းသည် နို့တကောမြို့နယ်၊ တခါကလိုးကျေးရွာအုပ်စု၊ အအ--- ကျေးရွာအနီးတွင်လည်း တည်ရှိပါသည်။

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့ - မြန်မာစစ်တပ်မှစစ်သားများသည် တခါကလိုးအုပ်စုရှိရွာသားတစ်ဦးကို ပစ်သတ်မှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် (အအ--- ကျေးရွာတွင်နေထိုင်သော) မအ---နှင့်သူမ၏အမျိုးသားသည် ရော်ဘာခြစ်ရန် ၎င်းတို့ရော်ဘာခြံသို့သွားခဲ့သည်။ ည(၇)နာရီခန့်တွင် မြန်မာစစ်တပ် ခလရ (၂၈၄) မှ စစ်သားများသည် ၎င်းတို့နှစ်ဦးအား သေနတ်ဖြင့်အချက်ပေါင်းများစွာ ပစ်ခတ်၍ မအ--- အား ကျည်ဆံထိမှန်ကာ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ မအ--- သည် အသက် (၄၁)နှစ်ရှိပြီးဖြစ်သည်။ ကျည်ဆံသည် မအ---၏နားထင်အား ထိမှန်၍ ရော်ဘာပင်အောက်တွင်ပင် ပွဲချင်းပြီးသေသွားခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက် သူမ၏အမျိုးသားသည် သူမအားထမ်းပိုး၍ ရွာသို့ပြန်သယ်ဆောင်လာခဲ့သည်။

အအ--- ကျေးရွာမှ ရွာလုံခြုံရေးတာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးဘ---၏ပြောပြချက်အရ မြန်မာစစ်တပ်မှ စစ်သားများသည် မအ--- အား ရည်ရွယ်ချက်ရှိရှိပစ်သတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်တပ်မှ စစ်သားများသည် အခင်းဖြစ်ပွားရာအနီးရှိ တဲအိမ်သို့သွား၍ ထိုအမျိုးသမီးအား ပစ်သတ်ခဲ့သည်ဟု ဦးဘ---က ယူဆသည်။ အကြောင်းမှာ ဦးဘ---သည် အခင်းဖြစ်ပွားသည့်နေရာကို လေ့လာသုံးသပ်ရာတွင် (အခင်းဖြစ်ပွားစဉ်အတွင်း) မြန်မာစစ်တပ်မှ စစ်သားများရှိနေသည့်နေရာသည် ထိုအမျိုးသမီးပစ်သတ်ခံရသည့်နေရာနှင့်အလွန်နီးကပ်နေကြောင်း တွေ့ရှိရခြင်းဖြစ်သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဘ---က KHRG အား ယခုလိုပြောပြသည်။ *"သူတို့အနေနဲ့ (မြန်မာစစ်တပ်စစ်သားများ) ပစ်မှတ်မသေချာဘူးဆိုရင်မပစ်သင့်ဘူး။ လိုအပ်ရင် ခြိမ်းခြောက်ပစ်တာမျိုးပဲလုပ်သင့်တယ်။ အခုဖြစ်စဉ်မှာ သူတို့ပစ်တာက ရည်ရွယ်ချက်ရှိတယ်။"* ဦးဘ--- ထပ်မံပြီးဤသို့ရှင်းပြသည်။ *"ရွာသားတွေက စားဝတ်နေရေးအတွက် နေ့စားအလုပ်ကိုပဲလုပ်ကိုင်ကြတယ်။ ဒါပေမဲ့ အခုလိုအဖြစ်မျိုးဖြစ်သွားတော့ ရွာသားတော်တော်များများက ရော်ဘာမသွားခြစ်ရဲတော့ဘူး။ ဒီလိုအကြောက်တရားတွေက စားဝတ်နေရေးအတွက် အလုပ်လုပ်ဖို့အတားအဆီးဖြစ်စေတယ်။ ဒီလိုသာ ပစ်ခတ်မှုတွေဆက်ဖြစ်နေအုန်းမယ်ဆိုရင် ရွာသားတွေ အလုပ်သွားလုပ်ရဲတော့မှာမဟုတ်ဘူး။ မြန်မာစစ်တပ်အနေနဲ့လည်း သေဆုံးသူရဲ့မိသားစုကို လျော်ကြေးပေးရမယ်။"*

ယခင်အချိန်က အအ--- ကျေးရွာတွင် ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားခြင်းမရှိခဲ့ပါ။ အခင်းဖြစ်ပွားပြီးနောက် မြန်မာစစ်တပ်သည် ရွာသားများအနေဖြင့် ည(၇)နာရီမရောက်ခင်အချိန်အတွင်းသာ သွားလာခွင့်ကိုပေး၍ ညမထွက်ရအမိန့်ကိုထုတ်ပြန်ခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက်ပိုင်း တစ်ချို့ရွာသားများလည်း ကြောက်ရွံ့ကြ၍ ကျေးရွာမှ ထွက်ပြေးတိမ်း ရှောင်ခဲ့သည်။





KHRG သည် ဤဓာတ်ပုံနှစ်ပုံကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တခါကလိုးကျေးရွာ အုပ်စု၊ အအ--- ကျေးရွာရှိ ဒေသခံခေါင်းဆောင်တစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာစစ်တပ် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၄) မှ စစ်သားများသည် ရွာသားတစ်ဦးဖြစ်သူ မအ--- အား ပစ်သတ်ခဲ့သည်။ မအ--- သည် ရော်ဘာ ခြံထဲတွင် ရော်ဘာခြစ်နေသည့်အချိန်တွင် သေနတ်ဖြင့်ပစ်ခံရ၍ ကျည်ဆံထိမှန်ပြီး ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ လက်ဝဲပုံတွင် မအ--- အား မြေမြှုပ်သင်္ဂြိုလ်ခြင်းမလုပ်မီ သူမ၏အလောင်းကို သူမ၏အိမ်ထဲတွင်ထားရှိထားသောအခြေအနေကို ဖော်ပြသည်။ လက်ယာပုံတွင် သူမပစ်သတ်ခံရသည့်နေရာကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံခေါင်းဆောင်)*

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။